မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့် ပြု မိန့်

(မနသ - ၂)
စာအမှတ် ၁၅၅ - ခ
ရက်စွဲ ၂ - ၁ - ၂၀၁၃

ခွင့်ပြုမိန့် အမှတ်၊ မနသ - ၈၇၄ /၂၀၁၃ ။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ လ ၂ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏ အမည် ဒေါ်မိုးမိုးအေး

(ခ) အဘ အမည် ဦးလှသောင်

(ဂ) နိုင်ငံသား/ အမျိုးသားမှတ်ပုံတင်အမှတ် ၈/တတက(နိုင်) ၁၀၆၃၂၃

(ဃ) နေရပ်လိပ်စာ အမှတ်(၁၃၅)၊ မင်းရဲကျော်စွာ (၁၂) လမ်း၊ (၃) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့်အဖွဲ့အစည်း Three Cherry Blossoms Co., Ltd.

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား CMP စနစ်ဖြင့် Steel Wire Ring (စတီးဝါယာကြိုးကွင်း)များ ထုတ်လုပ်ခြင်း လုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ (များ) မြေကွက်အမှတ်(၅၃၃-ဖ)၊မြေတိုင်းရပ်ကွက်အမှတ်(၂၃)တိုးချဲ့၊ တောင်ဒဂုံစက်မှုဇုန်(၁)၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး

(ဇ) မတည်ငွေရင်းပမာဏ (ကျပ်) ၃၇.၄၆(သန်း) (အမေရိကန်ဒေါ်လာ (၀.၀၁၃)သန်း အပါအဝင် စုစုပေါင်း ကျပ် သုံးဆယ့်ခုနစ်သန်း နှင့် လေးသိန်းခြောက်သောင်းခန့်)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၁၃ (မနသ)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ လ ၂ ရက်)

၁။ Three Cherry Blossoms Co., Ltd. မှ ဦးတင်မောင်ဝင်း(ခ)မူနီယမ်းဒီ အမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အသုံးပြုခွင့်ရရှိထားသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ တောင်ဒဂုံ စက်မှုဇုန် (၁) မြေတိုင်းရပ်ကွက် အမှတ်(၂၃) တိုးချဲ့၊ မြေကွက် အမှတ်(၅၃၃-၆) ရှိ မြေ (၀.၂၄၅) ဧက နှင့် ယင်းမြေပေါ်ရှိ ဂိုဒေါင်အား ငှားရမ်း၍ CMP စနစ်ဖြင့် Steel Wire Ring (စတီးဝါယာကြိုးကွင်း) များ ထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန် အဆိုပြုတင်ပြချက်အား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ (၃၉/၂၀၁၂) (၂၈-၁၂-၂၀၁၂) အစည်းအဝေးသို့ တင်ပြခဲ့ရာ ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် Three Cherry Blossoms Co., Ltd. အား CMP စနစ်ဖြင့် Steel Wire Ring (စတီးဝါယာကြိုးကွင်း)များ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့် အမှတ်၊ မနသ-၈၇၄/၂၀၁၂ ကို ထုတ်ပေးလိုက်သည်။

၂။ Three Cherry Blossoms Co., Ltd. အနေဖြင့် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှု လုပ်ငန်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၇)၊ပုဒ်မ ၁၂ အရ ထုတ်လုပ်မှုလုပ်ငန်း စီးပွားဖြစ် စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း(၃)နှစ်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။ယင်း ဥပဒေပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့် ကြော်ငြာစာကို ထုတ်ပြန်လိုက်သည် -

(က) ဥပဒေပုဒ်မ ၁၃(က)အရ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သော နိုင်ငံခြားငွေ ပမာဏအပေါ် မူတည်၍ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန် အတွက် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံသည့် ပမာဏကို ဖော်ပြလျက် လုပ်ငန်း အကောင်အထည်ဖော်မှု အခြေအနေပေါ် မူတည်၍ ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ခ) ဥပဒေပုဒ်မ ၁၃(ခ)အရ လုပ်ငန်းက နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်း မှ နိုင်ငံခြားငွေဖြင့်ရရှိသည့် အမြတ်ငွေပေါ်တွင် (၅၀%)အထိ ကာလ အကန့်အသတ်ဖြင့် ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် (၃)နှစ်ခံစား

ပြီးနောက် လုပ်ငန်း၏ အမှန်တကယ် အကောင်အထည် ဖော်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၁၃(ဂ) အရ ထုတ်လုပ်မှု လုပ်ငန်းကြောင့် သတ်မှတ်သည့် နှုန်းအထိ ပြည်တွင်း ပြည်ပ ဝင်ငွေတိုးတက်မှု ရှိပါက သတ်မှတ်ချက်နှင့်အညီ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီးသည့် အခါ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဃ) ဥပဒေပုဒ်မ ၁၃(စ)အရ လုပ်ငန်းမှရရှိသည့် အမြတ်ငွေကို သီးသန့်ရန်ပုံငွေ ထား၍ တစ်နှစ်အတွင်း လုပ်ငန်း၌ ပြန်လည် ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ကာလကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့်အခါ လုပ်ငန်းအမှန်တကယ် အကောင်အထည်ဖော်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၁၃(ဆ) အရ လုပ်ငန်းသုံး မတည်ပစ္စည်းများအပေါ် တန်ဖိုးလျော့ငွေကို သတ်မှတ်သည့်နှုန်းအတိုင်း နှစ်တိုတို နှင့် မူလတန်ဖိုး ပြည့်မီသည်အထိ အမြတ်ငွေမှ နှုတ်ပယ်ခွင့်နှင့် စပ်လျဉ်း၍ ယင်းတန်ဖိုးလျော့နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(စ) ဥပဒေပုဒ်မ ၁၃(ဇ) အရ ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း ပြည်တွင်း၌ မရရှိနိုင်သည့် အမှတ်တကယ် လိုအပ်၍ ပြည်ပမှ တင်သွင်းသော စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ စက်ကိရိယာ အစိတ်အပိုင်း၊ လုပ်ငန်းသုံးမတည် ပစ္စည်းများ အပေါ် အကောက်ခွန်နှင့်အခြားပြည်တွင်းအခွန်အကောက်များကို ကင်းလွတ်ခွင့်ပြုသည်။

(ဆ) ဥပဒေပုဒ်မ ၁၃(ဈ)အရ သတ်မှတ်ထားသည့် ကနဦးရင်းနှီးမြှုပ်နှံမှု ကာလကုန်ဆုံး၍ ပထမ(၃)နှစ်အတွက် ပြည်ပမှတင်သွင်းသည့် လုပ်ငန်းသုံး ပစ္စည်းများအပေါ် တွင် အကောက်ခွန် နှင့် အခြားပြည်တွင်း အခွန်အကောက်များကို ကင်းလွတ်ခွင့်ပြုသည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၃(ဇ) နှင့် ဥပဒေပုဒ်မ ၁၃(ဈ) အရ ပြည်ပမှတင်သွင်းသည့် စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ နှင့် ပတ်သက်၍ တင်သွင်းမည့် ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှု စသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် စစ်ဆေးရေး ကိုယ်စားလှယ် (Inspection Agency) ၏ စစ်ဆေးမှုဖြင့် လိုက်နာဆောင်ရွက်ရမည်။

၄။ Three Cherry Blossoms Co., Ltd. သည် ဤခွင့်ပြုမိန့်အရ လုပ်ငန်း ဆောင်ရွက်ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြထားသည့် **ထုတ်လုပ်မှု နှင့် ပြည်ပတင်ပို့မှု ရည်မှန်းချက်များ ကို အနိမ့်ဆုံး ရည်မှန်းချက်များ** အဖြစ် ထားရှိ ဆောင်ရွက် အကောင်အထည် ဖော်ရမည်။

၅။ Three Cherry Blossoms Co., Ltd. သည် ဤအဆိုပြု လုပ်ငန်း ၏ စာရင်းများကို သီးခြား ပြုစု ထားရှိရမည်။

၆။ အဆိုပြု လုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် မြေ နှင့် အဆောက်အဦ **အငှားချထားသူ** ဦးတင်မောင်ဝင်း(ခ)မူနီယမ်းဒီ နှင့် အငှားချထားခြင်းခံရသူ ဒေါ်မိုးမိုးအေး (Three Cherry Blossoms Co., Ltd.)တို့ ချုပ်ဆိုမည့် မြေနှင့် အဆောက်အဦ ငှားရမ်းခြင်း သဘောတူ **စာချုပ်ကို** လက်မှတ်ရေးထိုး၍ ထိုက်သင့်သော တံဆိပ်ခေါင်းခွန်များ ထမ်းဆောင်ပြီးသည့်အခါ ယင်း **သဘောတူ စာချုပ်မိတ္တူ (၅)စောင်ကို ဤကော်မရှင် သို့ မပျက်မကွက် ပေးပို့ တင်ပြရမည်။**

၇။ အဆိုပြု လုပ်ငန်း ဆောင်ရွက်ရာတွင် မြေအသုံးပြုမှု နှင့်စပ်လျဉ်း၍ နိုင်ငံတော် အစိုးရမှ မြေယာနှင့် ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းသည့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာ ဆောင်ရွက်ရမည်။

၈။ Three Cherry Blossoms Co., Ltd. သည် အဆိုပြု လုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်တွင်း **အလုပ်သမားများ ခန့်ထားရာတွင်** အလုပ်သမား၊ **အလုပ်အကိုင် နှင့် လူမှုဖူလုံရေး** ဝန်ကြီးဌာန၊ **အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန နှင့်** ညှိနှိုင်း ဆောင်ရွက်ရမည်။ **ထို့အပြင်** အလုပ်ရှင်နှင့် အလုပ်သမား ဆက်ဆံရေး ပြေလည်စေရန် အလေးထား ဆောင်ရွက်ရမည်။ လုပ်ငန်းခွင် သာယာရေးနှင့် စာရင်းဇယား စနစ်တကျ ရှိစေရေးအတွက် အဆိုပြုချက်တွင် တင်ပြထားသည့် အတိုင်း စီစဉ် ဆောင်ရွက်ရမည်။

၉။ Three Cherry Blossoms Co., Ltd. သည် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှု **လုပ်ငန်း** ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ် **စသည်များ** မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်း ကာကွယ်ရေး **အစီအမံ** များကို ဝန်ခံကတိ ပြုထားသည့်အတိုင်း စနစ်တကျ ထားရှိ ဆောင်ရွက်ရမည်။ ယင်းသို့ **ဆောင်ရွက်** ထားရှိမှု အခြေအနေကို ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံ ရမည်။

၁၀။ Three Cherry Blossoms Co., Ltd. သည် အဆိုပြုချက်တွင် ဝန်ခံကတိ ပြုထားသည့် အတိုင်း ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေအရ ပြည်နယ်/တိုင်း စက်မှု ကြီးကြပ်ရေး နှင့် စစ်ဆေးရေး ဦးစီးဌာနတွင် ပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင် ထားရှိ ဆောင်ရွက်ရမည်။

၁၁။ Three Cherry Blossoms Co., Ltd. သည် ပူးတွဲပါ ကနဦးလုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့် ရရှိပြီး(သုံး)လ အတွင်း ဤကော်မရှင်သို့ **မပျက်မကွက် အစီရင်ခံရ** မည်။ထို့အပြင် လုပ်ငန်း အကောင်အထည်ဖော်မှု အခြေအနေများကို သတ်မှတ်ထားသော **ပုံစံ**

ဖယားများဖြင့် (၆)လ တစ်ကြိမ် (ဧပြီ/ အောက်တိုဘာလများ) **မပျက်မကွက်** ပုံမှန် ပေးပို့ အစီရင်ခံရမည်။အဆိုပြုလုပ်ငန်း၏ စီးပွားဖြစ် စတင် ဆောင်ရွက်သည့် နေ့ရက်ကို စီးပွားဖြစ် စတင် ပြီး (တစ်)လ အတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံ ရမည်။

၁၂။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် ရင်းနှီး မြှုပ်နှံမှု ပြုလုပ်သည့် နေရပ်ဒေသ လိပ်စာနှင့် ရင်းနှီးမြှုပ်နှံသူ၏ အဖွဲ့အစည်း၏ နေရပ်လိပ်စာ (ကုမ္ပဏီ၏ ရုံးခန်းလိပ်စာ နှင့် တယ်လီဖုန်းနံပါတ်) တို့ ပြောင်းလဲမှုရှိတိုင်း ဤကော်မရှင်သို့ **မပျက်မကွက်** တင်ပြ၍ အတည်ပြု ခွင့်ပြုချက်ကို ရယူရမည်။

၁၃။ Three Cherry Blossoms Co., Ltd. သည် မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှု ကော်မရှင် နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ချမှတ်ထားသော တည်ဆဲ စည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာမှု မရှိကြောင်း စစ်ဆေးတွေ့ရှိပါက ဤခွင့်ပြုမိန့်ကို ပြန်လည် ရုပ်သိမ်းသည်အထိ အရေးယူခြင်း ခံရမည်။

၁၄။ အဆိုပြုလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်သဖြင့် မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းကမျှ ပိုင်ဆိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း မရှိစေရ။ အကယ်၍ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းက ပိုင်ဆိုင်ကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲကြောင်း သက်ဆိုင်ရာက စစ်ဆေး တွေ့ရှိလျှင် ပုဂ္ဂလိက စက်မှုလုပ်ငန်းမှတ်ပုံတင်ကို ပယ်ဖျက်ပြီး စက်ရုံ ပိတ်သိမ်းနိုင်ရေး အတွက် သက်ဆိုင်ရာအစိုးရဌာန၊အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်မည့်အပြင် လုပ်ငန်းအဆိုပြုသူသည် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၅(င) အရ နောင်တွင် မည်သည့် ခွင့်ပြုမိန့်မျှ ထုတ်ပေးမည် မဟုတ်သော နာမည်ပျက် စာရင်း၌ ထည့်သွင်းခြင်း ခံရမည်။

၁၅။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့မှစ၍ (တစ်) နှစ် အတွင်း အဆိုပြုလုပ်ငန်းကို စတင် ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(စိုးသိန်း)
ဥက္ကဋ္ဌ

စာအမှတ်၊ရက- ၆(က) /မ- ၁၂၇၄/၂၀၁၃(၁၅၅- ခ)
ရက် စွဲ ၊ ၂၀၁၃ ခုနှစ် ၊ ဇန်နဝါရီ လ ၂ ရက်

ဖြန့်ဝေခြင်း-
သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ရုံး

ဒုတိယသမ္မတ(၂)ရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များ

ပြည်ထဲရေးဝန်ကြီးဌာန

စက်မှု ဝန်ကြီးဌာန

ဆောက်လုပ်ရေး ဝန်ကြီးဌာန

ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

အလုပ်သမား၊အလုပ်အကိုင် နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန

လျှပ်စစ် စွမ်းအား ဝန်ကြီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့

ဥက္ကဋ္ဌ၊CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီ၊ (အလုပ်သမား၊ အလုပ်အကိုင် နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန)

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန

ဥက္ကဋ္ဌ၊ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

ဥက္ကဋ္ဌ၊မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၊ ရန်ကုန်မြို့

အုပ်ချုပ်မှုဒါရိုက်တာ၊ Three Cherry Blossoms Co., Ltd.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၂ / ၃ - ၆ (၅) / စီးပွား
ရက် စွဲ ၊၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
နေပြည်တော်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၁. ၁၁. ၂၀၁၂ ရက်စွဲပါစာအမှတ်၊ ရက-၆(က) / မ - ၁၂၇၄ / ၂၀၁၂ (၁၂၀၁၂ - ၉)

၁။ Three Cherry Blossoms Co.,Ltd မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ တောင်ဒဂုံစက်မှုဇုန် (၁)၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃)တိုးချဲ့၊ မြေကွက်အမှတ် (၅၃၃-၆)၊ မြေ(၀. ၂၄၅) ဧကနှင့် ဂိုဒေါင်အား ငှားရမ်း၍ CMPစနစ်ဖြင့် Steel Wire Ring (စတီးဝါယာကြိုးကွင်း)များထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့် ပြုပါရန်လျှောက်ထားလာခြင်းအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းစာဖြင့် အကြောင်းကြားလာခြင်းနှင့်ပတ်သက်၍ ကွင်းဆင်းစိစစ်မှုအရ အောက်ပါအတိုင်း သဘောထားမှတ်ချက် တင်ပြအပ်ပါသည်-

(က) အဆိုပြုမြေနေရာသည် စက်မှုဇုန်မြေဖြစ်သဖြင့် နောင်ပြုလုပ်မည့်(သို့မဟုတ်) လက်ရှိမြို့ပြ စီမံကိန်းကို ထိခိုက်ခြင်းမရှိပါ။

(ခ) အဆိုပြုလုပ်ငန်းအားခွင့်ပြုချက်ရရှိပါက လုပ်သားအင်အား(၅၀)ဦးခန့်ဖြင့်လုပ်ငန်းဆောင်ရွက်မည်ဖြစ်သဖြင့်မြို့နယ်ဒေသအလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါသည်။

(ဂ) ဖော်ပြပါမြေနေရာသည် စက်မှုဇုန်မြေဖြစ်သဖြင့် စက်ရုံအတွက်သုံးစွဲခြင်းအပေါ် ဒေသခံများ ကလူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါသည်။

(ဃ) အဆိုပြုလုပ်ငန်းမှာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်သည့်လုပ်ငန်းမဟုတ်ပါ။

၂။ အထက်ဖော်ပြပါအချက်များကြောင့် ၆. ၁၂. ၂၀၁၂ ရက်နေ့တွင်ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၄၆/၂၀၁၂) ဆုံးဖြတ်ချက်အပိုဒ် (၇၉) အရ Three Cherry Blossoms Co.,Ltd၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်ဆောင်ရွက်မှုအား ခွင့်ပြုသင့်ကြောင်းထောက်ခံတင်ပြအပ်ပါသည်။

(မြင့်ဆွေ)
ဝန်ကြီးချုပ်

မိတ္တူကို

ရန်ကုန်တိုင်းဒေသကြီးသစ်တောနှင့်စွမ်းအင်ဝန်ကြီး

ရန်ကုန်အရှေ့ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးရုံး

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးရုံး

Three Cherry Blossoms Co.,Ltd

လက်ခံစာတွဲ

မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၁၄၃၄၄/ ၂၁၄၃၄၅/ ၂၁၄၃၄၆/ ၂၁၄၃၄၇/ ၂၁၄၃၄၈/ ၂၁၄၃၄၉။ ဖက်(စ်) - ၉၅-၁-၂၁၄၄၈၄

စာအမှတ်။ ဂ/၁/၁/(ဝန်ဆောင်)/၁၁-၁၃(၅၂၀၃)
ရက်စွဲ ။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်။

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်
နေပြည်တော်

အကြောင်းအရာ။ ။သဘောထားမှတ်ချက် တောင်းခံခြင်းကိစ္စ။

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ၏ ၂၁-၁၁-၂၀၁၂ ရက်စွဲပါ စာအမှတ် ရက-(၆)(က)/မ-၁၂၇၄/ ၂၀၁၂ (၁၂၀၁၂ - ည)

၁။ Three Cherry Blossoms Co., Ltd သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်း၊ တောင်ဒဂုံစက်မှုဇုန် (၁)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃) တိုးချဲ့၊ မြေကွက်အမှတ် (၅၃၃-၆) မြေ (၀.၂၄၅)ဧက ရှိမြေ နှင့် ယင်းမြေပေါ်ရှိ ဂိုထောင်အား ငှားရမ်း၍ CMP စနစ်ဖြင့် Stree Wire Ring (စတီးဝါယာကြိုးကွင်း) များထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဒေါ်မိုးမိုးအေး (အဘ-ဦးလှသောင်) မှ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် သို့တင်ပြလျှောက်ထားခြင်းအပေါ် ရည်ညွှန်းစာဖြင့် ဤအသင်းချုပ်သို့ သဘောထားမှတ်ချက် ပြန်ကြားပါရန် ညှိနှိုင်း မေတ္တာရပ်ခံစာ ကိုလက်ခံရရှိပါသည်။

၂။ ဤအသင်းချုပ်မှ စိစစ်ခဲ့ရာ Three Cherry Blossoms Co., Ltd သည် ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံစက်မှုဇုန် (၁)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃) တိုးချဲ့၊ မြေကွက်အမှတ် (၅၃၃-၆) မြေ (၀.၂၄၅)ဧက ရှိမြေ နှင့် ယင်းမြေပေါ်ရှိ ဂိုထောင်အား ငှားရမ်း၍ CMP စနစ်ဖြင့် Stree Wire Ring (စတီးဝါယာကြိုးကွင်း) များလုပ်ငန်း ကိုလုပ်ကိုင်နေသည်မှာ မှန်ကန်ကြောင်း ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ဒဂုံမြို့သစ် (တောင်)မြို့နယ်၊ စက်မှုဇုန်(၁) ၊စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်စွဲပါစာအမှတ် ၃/ဇ-၁/ဒဂတ/၂၄၆၉ ပါထောက်ခံချက်နှင့်အတူ Three Cherry Blossoms Co., Ltd (မြန်မာကုမ္ပဏီ) နှင့် CMP Contract ချုပ်ဆိုထားးသည့် Nissan Steel Co.,Ltd (ဂျပန်နိုင်ငံ) ၏ Company Profile စသည့်အထောက်အထားများကိုတင်ပြလာပါသည်။

၃။ သို့ဖြစ်ပါ၍ Three Cherry Blossoms Co., Ltd သည် ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံစက်မှုဇုန် (၁)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃) တိုးချဲ့၊ မြေကွက်အမှတ် (၅၃၃-၆) မြေ (၀.၂၄၅)ဧက ရှိမြေ နှင့် ယင်းမြေပေါ်ရှိ ဂိုထောင်အား ငှားရမ်း၍ CMP စနစ်ဖြင့် Stree Wire Ring (စတီးဝါယာကြိုးကွင်း) များလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ လျှောက်ထားခြင်းအပေါ် ဤအသင်းချုပ်အနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
ဒေါက်တာမျိုးသက်၊အထွေထွေအတွင်းရေးမှူး

မိတ္တူကို-
- လက်ခံစာတွဲ၊မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၂၁၄၃၄၄/ ၂၁၄၃၄၅/ ၂၁၄၃၄၆/ ၂၁၄၃၄၇/ ၂၁၄၃၄၈/ ၂၁၄၃၄၉။ ဖက်(စ်) - ၉၅-၁-၂၁၄၄၈၄

စာအမှတ်။ ဂ/၁/၁/(ဝန်ဆောင်)/၁၁-၁၃(၅၂၀၃)

ရက်စွဲ ။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်။

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

နေပြည်တော်

အကြောင်းအရာ။ ။သဘောထားမှတ်ချက် တောင်းခံခြင်းကိစ္စ။

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ၏ ၂၁-၁၁-၂၀၁၂ ရက်စွဲပါ စာအမှတ် ရက-(၆)(က)/မ-၁၂၇၄/ ၂၀၁၂ (၁၂၁၀၂ - ည)

၁။ Three Cherry Blossoms Co., Ltd သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်း၊ တောင်ဒဂုံစက်မှုဇုန် (၁)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃) တိုးချဲ့၊မြေကွက်အမှတ် (၅၃၃-၆) မြေ (ဝ.၂၄၅)ဧက ရှိမြေ နှင့် ယင်းမြေပေါ်ရှိ ဂိုထောင်အား ငှားရမ်း၍ CMP စနစ်ဖြင့် Stree Wire Ring (စတီးဂါယာကြိုးကွင်း) များထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဒေါ်မိုးမိုးအေး (အဘ-ဦးလှသောင်) မှ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် သို့တင်ပြလျှောက်ထားခြင်းအပေါ် ရည်ညွှန်းစာဖြင့် ဤအသင်းချုပ်သို့ သဘောထားမှတ်ချက် ပြန်ကြားပါရန် ညှိနှိုင်း မေတ္တာရပ်ခံစာ ကိုလက်ခံရရှိပါသည်။

၂။ ဤအသင်းချုပ်မှ စိစစ်ခဲ့ရာ Three Cherry Blossoms Co., Ltd သည် ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံစက်မှုဇုန် (၁)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃) တိုးချဲ့၊မြေကွက်အမှတ် (၅၃၃-၆) မြေ (ဝ.၂၄၅)ဧက ရှိမြေ နှင့် ယင်းမြေပေါ်ရှိ ဂိုထောင်အား ငှားရမ်း၍ CMP စနစ်ဖြင့် Stree Wire Ring (စတီးဂါယာကြိုးကွင်း) များလုပ်ငန်း ကိုလုပ်ကိုင်နေသည်မှာ မှန်ကန်ကြောင်း ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ဒဂုံမြို့သစ် (တောင်)မြို့နယ်၊ စက်မှုဇုန်(၁) ၊စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်စွဲပါစာအမှတ် ၃/ဇ-၁/ဒဂတ/၂၄၆၉ ပါထောက်ခံချက်နှင့်အတူ Three Cherry Blossoms Co., Ltd (မြန်မာကုမ္ပဏီ) နှင့် CMP Contract ချုပ်ဆိုထားသည့် Nissan Steel Co.,Ltd (ဂျပန်နိုင်ငံ) ၏ Company Profile စသည့်အထောက်အထားများကိုတင်ပြလာပါသည်။

၃။ သို့ဖြစ်ပါ၍ Three Cherry Blossoms Co., Ltd သည် ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံစက်မှုဇုန် (၁)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃) တိုးချဲ့၊မြေကွက်အမှတ် (၅၃၃-၆) မြေ (ဝ.၂၄၅)ဧက ရှိမြေ နှင့် ယင်းမြေပေါ်ရှိ ဂိုထောင်အား ငှားရမ်း၍ CMP စနစ်ဖြင့် Stree Wire Ring (စတီးဂါယာကြိုးကွင်း) များလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ လျှောက်ထားခြင်းအပေါ် ဤအသင်းချုပ်အနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ ([illegible])

ဒေါက်တာမျိုးသက်၊အထွေထွေအတွင်းရေးမှူး

မိတ္တူကို-

- လက်ခံစာတွဲ၊မျှောစာတွဲ

DG 5/ဇွ/၇

M.105
25.1.13

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၃၄-စမ(၂) ၂၀၁၂-၂၀၁၃(၃၀၉၈-ခ)
ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၁.၁၁.၂၀၁၂ ရက်စွဲပါစာ အမှတ်၊ ရက-၆(က)/မ-၁၂၇၄/၂၀၁၂(၁၂၁၀၂-ဈ)

၁။ Three Cherry Blossoms Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ တောင်ဒဂုံစက်မှုဇုန်(၁)တွင် CMP စနစ်ဖြင့် Steel Wire Ring (စတီးဝါယာကြိုးကွင်း)များ ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်လိုခြင်းအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာပါသည်။

၂။ အဆိုပါကုမ္ပဏီမှ ဆောင်ရွက်မည့်လုပ်ငန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းစိစစ်တွေ့ရှိရပါသည်-

(က) ကုမ္ပဏီမှ CMP စနစ်ဖြင့် Steel Wire Ring (စတီးဝါယာကြိုးကွင်း)များ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အဓိကကုန်ကြမ်း စတီးဝါယာကြိုးများကို ဂျပန်နိုင်ငံ Nissan Steel Co., Ltd က ထိုင်းနိုင်ငံမှ တစ်ဆင့် တင်ပို့ပေးမည်ဖြစ်ပါသည်။

(ခ) ကုန်ချော စတီးဝါယာကြိုးကွင်းများကို ဂျပန်နိုင်ငံ Nissan Steel Co., Ltd သို့ ၁၀၀% ပြန်လည်တင်ပို့မည်ဖြစ်ပါသည်။

(ဂ) အလုပ်အပ်နှံမှုအပေါ် မူတည်ပြီး လုံးပတ်အတိုင်းအတာ အမျိုးမျိုးရှိသော စတီးဝါယာကြိုးကွင်းများ ထုတ်လုပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

(ဃ) ကုန်ကြမ်း/ ကုန်ချော(Steel Wire Rope / Steel Wire Ring) များနှင့်ပတ်သက်သည့် **အရည်အသွေးအချက်အလက်များအား စိစစ်ရန်အတွက် ကုမ္ပဏီသို့ တောင်းခံခဲ့ရာ ကုမ္ပဏီမှ တင်ပြနိုင်ခြင်းမရှိပါ။**

(င) ထုတ်လုပ်ရရှိသည့် ကုန်ချော(Steel Wire Ring)များအား ဆိပ်ကမ်းများတွင် သင်္ဘောငယ်များ ဆိုက်ကပ်ရာ၌ လည်းကောင်း၊ ကရိန်းကားများနှင့် သင်္ဘောများတွင် လေးလံသောပစ္စည်းများကို အတင်အချ ပြုလုပ်ရာ၌ လည်းကောင်း စတီးကြိုးများနှင့်ဆက်၍ အသုံးပြုကြောင်း သိရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ Three Cherry Blossoms Co., Ltd. မှ CMP စနစ်ဖြင့် Steel Wire Ring (စတီးဝါယာကြိုးကွင်း)များ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လိုခြင်းနှင့်စပ်လျဉ်း၍ Raw Material, Finished Product တို့၏ အရည်အသွေး အချက်အလက်များစိစစ်ရန် ကုမ္ပဏီသို့ တောင်းခံခဲ့ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် ပြည့်စုံစွာစိစစ်နိုင်ခြင်းမရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(သွင်မြင့်မောင်၊ ရုံးအဖွဲ့မှူး)

မိတ္တူကို
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း
မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်
ရင်းနှီးမြှုပ်နှံလိုသူ၏ ဆောင်ရွက်ရန်

အဆိုပြုချက်

ချယ်ရီပန်းသုံးပွင့်ကုမ္ပဏီလီမိတက်

****

PROPOSAL OF THE INVESTOR TO MAKE MYANMAR CITIZENS INVESTMENT IN THE REPUBLIC OF THE UNION OF MYANMAR.

THREE CHERRY BLOSSOMS COMPANY LIMITED.

Three Cherry Blossoms Co.,Ltd

No.382/392,First Floor,Bo Sun Pat Street,Pabedan T/S,Yangon,Myanmar.

Tel : (95) 01-253428,251724

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရုံးအမှတ် (၃၂)၊နေပြည်တော်။

နေ့စွဲ။ ။၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလ၊ (၂၀)ရက်။

အကြောင်းအရာ ။ ။ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်များပေးပို့ခြင်း။**

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်မတို့ ချယ်ရီပန်းသုံးပွင့်ကုမ္ပဏီလီမိတက် အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ မြေကွက်အမှတ်(၅၃၃-၆)၊ မြေတိုင်းရပ်ကွက် အမှတ်(၂၃)တိုးချဲ့၊ တောင်ဒဂုံစက်မှုဇုံ(၁)၊ မြေဧရိယာ(၀.၂၄၅)ဧကပေါ်ရှိ ဂိုဒေါင်ကိုငှားရမ်းပြီး နိုင်ငံတကာ အဆင့်မီ Steel Wire Ring (စတီးဝါယာကြိုးကွင်း)များအား လက်ခစားစနစ်ဖြင့် ထုတ်လုပ်မည် ဖြစ်ပါသည်။ ဂျပန်နိုင်ငံ Nissan Steel Co., Ltd သည်ကုန်ကြမ်းများကို ထိုင်းနိုင်ငံမှတဆင့် တင်သွင်းပြီး အဆိုပါကုန်ကြမ်းများကို Three Cherry Blossoms Co., Ltd မှလက်ခံ၍ Steel Wire Ring (စတီးဝါယာကြိုးကွင်း)များကို လက်ခစားစနစ်ဖြင့် ထုတ်လုပ်မည် ဖြစ်ပါသည်။ Three Cherry Blossoms Co., Ltd အနေဖြင့် ထုတ်လုပ်ပြီးကုန်ချောများကို Nissan Steel Co., Ltd သို့ပြန်လည်ပေးပို့၍ လက်ခကိုသာလျှင်ရရှိမည်ဖြစ်ပါသည်။ အဆိုပါ လက်ခစားလုပ်ငန်းကိုလုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးနိုင်ပါရန် လျှောက်ထားအပ်ပါသည်။

သို့ပါ၍ ကျွန်မတို့ကုမ္ပဏီ၏အဆိုပြုလွှာကို လိုအပ်သလိုစိစစ်ပေးနိုင်ပါရန် ပေးပို့တင်ပြအပ် ပါသည်။

ရိုသေလေးစားစွာဖြင့်
လျှောက်ထားသူ

ဒေါ်မိုမိုအေး

(အုပ်ချုပ်မှုဒါရိုက်တာ)
ချယ်ရီပန်းသုံးပွင့်ကုမ္ပဏီလီမိတက်

Three Cherry Blossoms Co.,Ltd.

No.382/392,First Floor,Bo Sun Pat Street,Pabedan T/S,Yangon,Myanmar.

Tel : (95) 01-253428,251724

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရုံးအမှတ် (၃၂)၊နေပြည်တော်။

နေ့စွဲ။ ။၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလ၊ (၂၆)ရက်။

အကြောင်းအရာ ။ ။ **<u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ခွင့်ပြုမိန့် နှင့်မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၂ နှင့် ၁၃ တို့ အရအခွန်ဆိုင်ရာကင်းလွတ်ခွင့် နှင့်သက်သာခွင့်များလျှောက်ထားခြင်း။</u>**

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်မတို့ ချယ်ရီပန်းသုံးပွင့်ကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ မြေကွက်အမှတ် (၅၃၃-၆)၊ မြေတိုင်းရပ်ကွက် အမှတ်(၂၃)တိုးချဲ့၊ တောင်ဒဂုံစက်မှုဇုံ(၁)၊ မြေဧရိယာ (၀.၂၄၅)ဧက မြေနေရာတွင်ရှိ ဂိုဒေါင်ကိုငှားရမ်း၍ Steel Wire Ring (စတီးဝါယာကြိုးကွင်း) များအားလက်ခစားစနစ် (ကုန်ကြမ်းယူ၊ ကုန်ချောပြန်အပ်စနစ်) ဖြင့်ထုတ်လုပ်၍ ဂျပန်နိုင်ငံ Nissan Steel Co., Ltd သို့တင်ပို့ခြင်း လုပ်ငန်းကို လုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လျှောက်ထားသည့် ကုမ္ပဏီ ဖြစ်ပါသည်။

ကုမ္ပဏီအနေဖြင့် ယခုအဆိုပြုလုပ်ငန်းအတွက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ (၁၂၅၀၀)အပါအဝင်၊ စုစုပေါင်းကျပ် (၃၇၄၆၅၀၀၀) ကိုထည့်ဝင်ရင်းနှီးမြှုပ်နှံပြီး နိုင်ငံတကာအဆင့်မီ Steel Wire Ring (စတီးဝါယာကြိုးကွင်း)များအား ခေတ်မီနည်းဖြင့်ထုတ်လုပ်မည်ဖြစ်ပါသည်။

သို့ပါ၍ကျွန်မတို့ ကုမ္ပဏီ၏ လက်ခစားစနစ်ဖြင့် Steel Wire Ring (စတီးဝါယာကြိုးကွင်း) များကို ထုတ်လုပ်ခြင်းလုပ်ငန်းသည် နိုင်ငံတော်အတွင်း နိုင်ငံခြားဝင်ငွေများ စီးဝင်လာစေခြင်း၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ တိုးပွားရရှိစေခြင်း၊ မြန်မာနိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက် ပေါ်ပေါက်စေခြင်း၊ နိုင်ငံတော်အတွင်းခေတ်မီ နည်းပညာရပ်များ တိုးပွားရရှိစေခြင်း၊ နိုင်ငံတော်၏ ဘက်စုံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြင့်၍ ထောက်ပံ့ကူညီ ပေးခြင်းစသည့် အကျိုးစီးပွား ဖြစ်ထွန်းပေါ် ပေါက်စေသည့်အတွက် ကျွန်မတို့ ချယ်ရီပန်းသုံးပွင့်ကုမ္ပဏီလီမိတက်၏ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်လျှောက်ထားခြင်းကို လက်ခံစဉ်းစားပေးပါရန်နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံ မှုဥပဒေပုဒ်မ (၁၂) နှင့်(၁၃)အရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကိုလည်း ခံစားခွင့်ပြုပေး နိုင်ပါရန် အောက်ဖော် ပြပါ စာရွက်စာတမ်းများကို ပူးတွဲတင်ပြ လျှောက်ထားအပ်ပါသည်။

Three Cherry Blossoms Co.,Ltd.

No.382/392,First Floor,Bo Sun Pat Street,Pabedan T/S,Yangon,Myanmar.

Tel : (95) 01-253428,251724

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုပြုရန် ကမကထပြုသူ၏လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုချက်၊

(ခ) လုပ်ငန်းပိုင်းနှင့် ငွေရေးကြေးရေး အထောက်အထားများ၊

(ဂ) ပဋိညာဉ်စာချုပ် (မူကြမ်း)၊

(ဃ) ဘဏ္ဍာရေး အချက်အလက်များနှင့် ပတ်သက်၍ တွက်ချက်မှု ဇယားများ၊

(င) ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ၊

ရိုသေလေးစားစွာဖြင့်

ဒေါ်မိုမိုအေး

(အုပ်ချုပ်မှုဒါရိုက်တာ)

ချယ်ရီပန်းသုံးပွင့်ကုမ္ပဏီလီမိတက်

Three Cherry Blossoms Co.,Ltd.

No.382/392,First Floor,Bo Sun Pat Street,Pabedan T/S,Yangon,Myanmar.

Tel : (95) 01-253428,251724

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရုံးအမှတ် (၃၂)၊နေပြည်တော်။

နေ့စွဲ။ ။၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလ၊ (၂၀)ရက်။

အကြောင်းအရာ ။ **။မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ကတိဝန်ခံချက်ပေးပို့ခြင်း။**

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်မတို့ ချယ်ရီပန်းသုံးပွင့်ကုမ္ပဏီလီမိတက် သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ မြေကွက်အမှတ် (၅၃၃-၆)၊ မြေတိုင်းရပ်ကွက် အမှတ်(၂၃)တိုးချဲ့၊ တောင်ဒဂုံစက်မှုဇုံ(၁)၊ မြေဧရိယာ (၀.၂၄၅)ဧကပေါ်ရှိ မြေနေရာတွင်ဂိုဒေါင်ငှါးရမ်း၍ Steel Wire Ring (စတီးဝါယာကြိုးကွင်း) များကို လက်ခစားစနစ်ဖြင့် ထုတ်လုပ်သည့် လုပ်ငန်းကိုလုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လျှောက်ထားသည့်ကုမ္ပဏီဖြစ်ပါသည်။ ထိုသို့ လျှောက်ထားရာတွင် ခွင့်ပြုမိန့်ရရှိရန်အတွက် အောက်ပါတို့ကို ဝန်ခံကတိ ပြုပါသည်။

(က) ဤလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သောလုပ်ငန်းဖြစ်ပါသည်။ နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှုမရှိပါကြောင်း ဝန်ခံကတိပြု တင်ပြအပ်ပါသည်။

(ခ) ဤလုပ်ငန်းသည် လုပ်ငန်းအသစ်ဖြစ်ကြောင်းကိုလည်း ဝန်ခံကတိပြုပါသည်။

(ဂ) ဤလုပ်ငန်းမှာဂျပန်နိုင်ငံ Nissan Steel Co., Ltd ထံမှကုန်ကြမ်းရယူ၍ လက်ခစားစနစ်ဖြင့်အဆိုပါကုမ္ပဏီသို့ကုန်ချောများပြန်လည်ပေးပို့ရန် ဖြစ်သည့်အတွက် ဈေးကွက်ရှိပြီးဖြစ်ပါသည်။

(ဃ) နိုင်ငံတော်အစိုးရမှ မြေယာနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းသည့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ပါမည်ဟု ကတိပြုပါသည်။

(င) ထို့အပြင် ကျွန်မတို့ ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင်လည်း ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပွားစေရန်အတွက် လိုအပ်သော အစီအမံများ၊ မီးဘေးကြိုတင် ကာကွယ်မှုများ၊ ပြုလုပ်ဆောင်ရွက်ထားမည်ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နည်းဥပဒေစည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် အညီပတ်ဝန်းကျင်ညစ်ညမ်း မှုမရှိစေရန်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု ဝန်ခံကတိပြုပါသည်။

Three Cherry Blossoms Co.,Ltd.
No.382/392,First Floor,Bo Sun Pat Street,Pabedan T/S,Yangon,Myanmar.
Tel : (95) 01-253428,251724

(စ) ချယ်ရီပန်းသုံးပွင့်ကုမ္ပဏီလီမိတက် အနေဖြင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေအရပြည်နယ်/တိုင်းဒေသန္တရ စက်မှုကြီးကြပ်ရေးနှင့် လုပ်ငန်းစစ်ဆေးမှု ညွှန်ကြားရေးဦးစီးဌာနတို့တွင် မှတ်ပုံတင်ထားရှိမည် ဖြစ်ကြောင်းဝန်ခံကတိပြုပါသည်။

ရိုသေလေးစားစွာဖြင့်

ဒေါ်မိုမိုအေး
(အုပ်ချုပ်မှုဒါရိုက်တာ)
ချယ်ရီပန်းသုံးပွင့်ကုမ္ပဏီလီမိတက်

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ

ရင်းနှီးမြှုပ်နှံလိုသူ၏

အဆိုပြုချက်

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ
ရင်းနှီးမြှုပ်နှံလိုသူ၏ အဆိုပြုချက်
(ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၈)

သို့

ဥက္ကဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
နေပြည်တော်။

စာအမှတ်။ ။
နေ့စွဲ ။ ။၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလ၊ (၂၀)ရက်။

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုပါသဖြင့် ခွင့်ပြုမိန့်ထုတ်ပေးပါရန် အောက်ပါအချက်အလက်များကိုဖော်ပြ လျှောက်ထားအပ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံလိုသူ၏ –

(က)	အမည်	– ဒေါ်မိုမိုအေး
(ခ)	အဖအမည်	– ဦးလှသောင်
(ဂ)	နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ်	– ၈/တတက(နိုင်)၁၀၆၃၂၃
(ဃ)	နေရပ်လိပ်စာ	– အမှတ်(၁၃၅)၊ မင်းရဲကျော်စွာ(၁၂)လမ်း၊ (၃)ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
(င)	လူမျိုး၊ဘာသာ	– ဗမာ /ဗုဒ္ဓဘာသာ။
(စ)	အဖွဲ့အစည်းအမည်	– **THREE CHERRY BLOSSOMS CO., LTD.**
(ဆ)	လုပ်ငန်းအမျိုးအစား	– Steel Wire Ring (စတီးဝါယာကြိုးကွင်း) များကို လက်ခစားစနစ်ဖြင့်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ခြင်း
(ဇ)	အဖွဲ့အစည်းတည်ရှိရာအရပ်	–အမှတ်(၃၈၂/၃၉၂)၊ ပထမထပ်၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

၂။ ဖက်စပ်ပြုလုပ်၍ ရင်းနှီးမြှုပ်နှံလိုပါက ဖက်စပ်ပြုလုပ်မည့်သူများ၏ –

(က) အမည် – ....

(ခ) အဖအမည် – ....

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် – ....

(ဃ) နေရပ်လိပ်စာ – ....

(င) လူမျိုးဘာသာ – ....

(စ) အဖွဲ့အစည်းအမည် – ....

(ဆ) လုပ်ငန်းအမျိုးအစား – ....

(ဇ) အဖွဲ့အစည်းတည်ရှိရာအရပ် – ....

၃။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့် လုပ်ငန်းအမျိုးအစား –

(က) ကုန်ထုတ်လုပ်မှုလုပ်ငန်း – Steel Wire Ring (စတီးဝါယာကြိုးကွင်း) များကို လက်ခစားစနစ်ဖြင့်ထုတ်လုပ်ခြင်းလုပ်ငန်း

(ခ) ဝန်ဆောင်မှုလုပ်ငန်း –

၄။ လုပ်ကိုင်မည့် စီးပွားရေးပုံစံ–

(က) နိုင်ငံသားနှင့် နိုင်ငံသားတို့က အစုစပ်လုပ်ကိုင်ဆောင်ရွက်ခြင်း – လီမိတက်ကုမ္ပဏီ(နောက်ဆက်တွဲဇယား–၁)

(ခ) အဖွဲ့အစည်းနှင့် နိုင်ငံသားတို့က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း – ....

(ဂ) အဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းတို့က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း – ....

THREE CHERRY BLOSSOMS CO., LTD.

INTERNAL RATE OF RETURN

(In Thousand)
Exhibit No.VIII (B)

Year	Investment (Cash Out Flow)	Net Profit	Depreciation	Total Cash Flow	Cash Flow	DCF		DCF	
						DF20%	DCF	DF25%	DCF
0	37465.00				-37465.00	1.00	-37465.00	1.00	-37465.00
1		4,853.00	2,047.00	6900.00	6900.00	0.833	5747.70	0.800	5520.00
2		6,444.40	2,047.00	8491.40	8491.40	0.694	5893.03	0.640	5434.50
3		8,094.60	2,047.00	10141.60	10141.60	0.579	5871.99	0.512	5192.50
4		7,346.20	2,047.00	9393.20	9393.20	0.482	4527.52	0.410	3851.21
5		8,659.20	2,047.00	10706.20	10706.20	0.402	4303.89	0.328	3511.63
6		8,659.20	2,047.00	10706.20	10706.20	0.335	3586.58	0.262	2805.02
7		8,659.20	2,047.00	10706.20	10706.20	0.279	2987.03	0.210	2248.30
8		8,659.20	2,047.00	10706.20	10706.20	0.233	2494.54	0.168	1798.64
9		8,659.20	2,047.00	10706.20	10706.20	0.194	2077.00	0.134	1434.63
10		8,659.20	2,047.00	10706.20	10706.20	0.162	1734.40	0.107	1145.56
							1758.69		**-4523.00**

Internal Rate Of Return = $r_1 + \frac{N_1}{N_1 - N_2}(r_2 - r_1)$

$= 20 + \frac{1,758.69}{1758.69-(-4523)} \times (25 - 20)$

$= 20 + \frac{1,758.69}{6,281.69} \times 5$

$= 20 + \frac{8,793.45}{6,281.69}$

$= 20 + 1.40$

$= 21.40\%$

THREE CHERRY BLOSSOMS CO., LTD.

Payback Period

Exhibit No.IX

(In Thousand)

Investment	37,465.00
Year 1 Cash Flow	6,900.00
	30,565.00
Year 2 Cash Flow	8,491.40
	22,073.60
Year 3 Cash Flow	10,141.60
	11,932.00
Year 4 Cash Flow	9,393.20
	2,538.80
	2,538.80
	-

Payback Period 4 Years and 3 months

THREE CHERRY BLOSSOMS CO., LTD.

LIST OF PERSONNEL REQUIREMENT AND SALARY

Exhibit No.X

Sr No.	Description	No. of Requirement	Basic Pay Kyats	Estimated Annual Cost of Employees
A	**LOCAL PERSONNEL**			
1	General Manager	2	130000	3,120,000
2	Clerk	4	80000	3,840,000
3	Office Staff	6	60000	4,320,000
4	Skill Workers	30	70000	25,200,000
5	Unskill Workers	6	50000	3,600,000
6	Guard Man	2	45000	1,080,000
	Total	**50**		**41,160,000**

(၁) ပြည်တွင်းဝန်ထမ်းများ၏လစာနှုန်းများကိုတစ်နှစ်လျှင် ၂% ခန့်တိုးမြှင့်ထုတ်ပေးသွားမည်ဖြစ်ပါသည်။

Three Cherry Blossoms Co.,Ltd.
No.382/392,First Floor,Bo Sun Pat Street,Pabedan T/S,Yangon,Myanmar.
Tel : (95) 01-253428,251724

MEMORANDUM OF AGREEMENT

This agreement is made in Yangon on date ---------------,2012.

Between

Three Cherry Blossoms Co., Ltd No.382/392, First Floor, Bo Sun Pat Street, Pabedan Township,Yangon Region, Myanmar presented by Daw Moe Moe Aye (Managing Director)

And

Nissan Steel Co., Ltd No.93, Asonaka, Kaizuka City, Osaka, 597-0081, Japan

presented by-----------------

(1) Nissan Steel Co., Ltd – Responsibility

Article -1

To supply the following material

(1) Steel Wire Rope
(2) Wood Box (1m x 1m)

Article -2

To make to Three Cherry Blossoms Co., Ltd by T/T or Letter of credit for steel wire ring exported to Nissan Steel Co., Ltd on C.M.P basis.

(2) **Three Cherry Blossoms Co., Ltd –Responsibility**

Article -1

To make steel wire ring using materials sent by Nissan Steel Co., Ltd on C.M.P basis.

Article -2

To ship the steel wire ring as instructed by Nissan Steel Co., Ltd.

Article -3

All local duties and taxes shall be paid by Three Cherry Blossoms Co., Ltd.

(3) Aribitration

In the events of dispute arising between the two parties,this agreement regarding to their rights and responsibility thereunder which cannot be settled amicably such dispute shall be settled in the republic of the union of Myanmar.

(4) Termination of contract

This agreement shall be terminated by;

Article 1: By agreement in writing of the parties concerned.

Article 2: By either party after giving (3) months of notice.

Article3 : Force majeure.


(5) Applications of laws

This agreement shall be constructed according to the laws of the republic of the union of Myanmar. The import and export items in this agreement are subject to the receipt of import and export licence from the ministry of commerce,Yangon.

Nissan Steel Co., Ltd	Three Cherry Blossoms Co., Ltd.
Mr. Ichiro Oku	Daw Moe Moe Aye
Managing Director	Managing Director
Nissan Steel Co., Ltd.	Three Cherry Blossoms Co., Ltd.

လုပ်ငန်းတည်နေရာပြမြေပုံ

ချောင်းရိုး နှင့် သစ်ပုံဆိပ်



SPECIAL ADHESIVE ၅၀ကျပ် K5

SPECIAL ADHESIVE ၅ကျပ် K5

မြို့နယ်အခွန်ဌာန

မြေငှားစာချုပ်

ပုံစံ

3 MAR 2011

၂၀
၁၉ ခုနှစ်၊ (မြေငှား) အမှုတွဲ အမှတ် ______ အရ ရေးထိုးပေးသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (နောင်တွင် "အငှားချထားသူ"ဟု ရည်ညွှန်းသည်။ "အငှားချထားသူ" ဆိုသည့်စကားရပ်တွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အဆိုပါဌာနကို ဆက်ခံသူများ၊ အဆိုပါဌာနက လွှဲအပ်သူများလည်း ပါဝင်သည်။)

နှင့် ______ မြို့နေ ______
ဦး ______
ဒေါ် ______ အမျိုးသားမှတ်ပုံတင်အမှတ် ______ (နောင်တွင် "အငှားစာချုပ်ရသူ"
ဟု ရည်ညွှန်းသည်။) တို့သည် ______ ခုနှစ်၊ ______ လဆန်း/လပြည့်ကျော် ______ ရက်နေ့၊ ______ ခုနှစ်၊
(______ လ ______ ရက်) တွင် အောက်ပါအတိုင်း မြေငှားစာချုပ်-ချုပ်ဆိုကြသည်။

အငှား စာချုပ်သူက-နောက်တွင် သတ်မှတ်ထားသည့် မြေငှားခကို ပေးဆောင်ရန် သဘောတူသောကြောင့် လည်းကောင်း၊ နောက်တွင်ပါရှိသော ပဋိညာဉ်ခံချက်များကို ပြုသောကြောင့်လည်းကောင်း၊ အောက်ပါဇယား၌ ဖော်ပြထားသော မြေကွက်အားလုံးကိုထိုမြေကွက်နှင့် သက်ဆိုင်သော ပိုင်ဆိုင်ခွင့်များ၊ ဝင်-ထွက် သွားလာနိုင်ခွင့် စသော သက်သာခွင့်များနှင့် အခြားအခွင့်အရေးများနှင့်တကွအငှားချထားသူက အငှားစာချုပ်ရသူအား၊ ဤစာချုပ်ဖြင့် အငှားချထားသည်။ အဆိုပါမြေကွက်အတွင်း မြေပေါ်မြေအောက်ရှိ သတ္တုတွင်းများ၊ ကတ်သတ္တုပစ္စည်းများ၊ မြေမြှုပ်ဘဏ္ဍာများ၊ ကျောက်မီးသွေး၊ ရေနံနှင့် ကွာရီ (Quarries) စသည်တို့သည်ဤစာချုပ်ဖြင့် အငှားချထားခြင်း၌ မပါဝင်ချေ။ ထိုသို့ ရှာဖွေတူးဖော်ရယူ၊ သယ်ဆောင်ရာ၌ အဆိုပါမြေကွက်၏ မျက်နှာပြင်ကိုနှောက်ယှက်ပျက်စီးစေခဲ့လျှင်၊ အငှားစာချုပ်ရသူအားသင့်တော်သော လျော်ကြေးကို အငှားချထားသူက ပေးရမည်။ ထိုလျော်ကြေးနှင့် စပ်လျဉ်း၍ အငြင်းဖြစ်ပွားခဲ့သော် လျော်ကြေးကို တည်ဆဲမြေသိမ်း အက်ဥပဒေ၏ ပို့ တည်းမဟုတ် စည်းမျဉ်းဥပဒေများ၏ ပြဋ္ဌာန်းချက်နှင့်အညီပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ရမည်။

စာချုပ် ... ၁၉၃ ကို

ထို့ကြောင့် ဤစာချုပ်-ချုပ်ဆိုသည့် ၃. ၃. ၂၀၁၁ နေ့မှစ၍ နှစ်ပေါင်း ခြောက်ဆယ်ကာလ အပိုင်းအခြား အတွက် လက်ရှိထားနိုင်ရန် အငှားစာချုပ်ရသူအား အဆိုပါမြေကွက်ကို အငှားချထားသည်။

နှစ်ပေါင်း ခြောက်ဆယ် မြေငှားစာချုပ် ကာလအပိုင်းအခြားတွင် ၂၀၁၄ ခုနှစ် ______ လ
______ ရက်နေ့၌၊ ကုန်ဆုံးသည့် ပထမ တစ်ဆယ့်ငါးနှစ်အတွင်းတွင် ကျပ် ______ ပြား ______
(______) တိတိကို ဇန်နဝါရီလ ၁-ရက်နေ့မှ စသည့် သုံးလပတ် အတွက် ဇန်နဝါရီလ ၁-ရက်နေ့တွင် လည်းကောင်း၊ ဧပြီလ ၁-ရက်နေ့မှ စသည့် သုံးလပတ် အတွက် ဧပြီ ၁-ရက်နေ့တွင် လည်းကောင်း၊ ဇူလိုင်လ ၁-ရက်နေ့မှ စသည့် သုံးလပတ်အတွက် ဇူလိုင်လ ၁-ရက်နေ့တွင် လည်းကောင်း၊ အောက်တိုဘာလ ၁-ရက်နေ့မှစသည့် သုံးလပတ်အတွက် အောက်တိုဘာလ ၁-ရက်နေ့တွင်လည်းကောင်း ကြိုတင် ပေးဆောင်ရမည်။ အဆိုပါနှစ်ခြောက်ဆယ်ကာလအပိုင်းအခြား၏ ဒုတိယတစ်ဆယ့်ငါးနှစ်နှင့်တတိယတစ်ဆယ့်ငါးနှစ်၊စတုတ္ထတစ်ဆယ့် ငါးနှစ်အတွက်အပိုဒ် ၃-တွင်ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း အငှားချထားသူအား သတ်မှတ်သည့် မြေငှားခများကို အငှားစာချုပ်ရသူက ပေးဆောင် ရမည်။

[illegible]

ပေါ်တွင်တည်ရှိသော [illegible] အားလုံးကို သိမ်းယူနိုင်သည်။

၃။ အငှားချထားသူသည် အငှားစာချုပ်ရသူအား အောက်ပါအတိုင်း ပဋိညာဉ်ခံချက် ပြုလုပ်သည်။ — ညွှန်ကြားရေး [illegible]

(က) အပိုဒ် ၂-အရ၊ ဤစာချုပ်ကို ပယ်ဖျက်ကြောင်း နို့တစ်စာကို အငှားချထားသူက [illegible] နည်းလမ်းအတိုင်း အငှားဂရန် ရသူ၏ နောက်ဆုံး သိရှိရသော လိပ်စာတပ်ပြီး ရေစစ္စတြီပြုလုပ်၍ စာပို့တိုက်မှ ပေးပို့နိုင်သည်။ သို့တည်းမဟုတ် ဆိုခဲ့သည့်အတိုင်း လိပ်စာတပ်၍ နို့တစ်စာကို အဆိုပါမြေကွက်၊ အဆောက်အအုံ စသည့် ပစ္စည်းများ၏ ထင်ရှား၍ လူအများမြင်သာသောနေရာတွင် ကပ်ထားနိုင်သည်။ အဆိုပါ နို့တစ်စာကိုပြဆိုသည့်နည်းလမ်းအတိုင်းပို့ခြင်း၊ ကပ်ထားခြင်း ပြုလုပ်ပြီးနောက် ရက်ပေါင်း ခြောက်ဆယ်အတွင်း အငှားစာချုပ် ရသူက အဆိုပါ ညွှန်ကြားရေးမှူးချုပ်အား မပေးရသေးဘဲ ကျန်ရှိနေသေးသော မြေငှားခကို ဤစာချုပ်ပယ်ဖျက်ခြင်း သို့တည်းမဟုတ် အဆိုပါမြေကွက် ပြန်လည်သိမ်းယူခြင်း [illegible] မြေကွက်ကို ပြန်လည် အငှားချထားခြင်းနှင့် စပ်လျဉ်း၍ အငှားချထား [illegible] ကုန်ကျသောစရိတ် [illegible] ပေးဆောင်လျှင်သော်လည်းကောင်း၊ အခြားပဋိညာဉ်ခံချက် [illegible] အဆိုပါ ညွှန်ကြားရေးမှူးချုပ် ကျေနပ်လောက်အောင် ဆောင်ရွက်လျှင် လည်းကောင်း အငှားချထားသူက [illegible] ပဋိညာဉ်ခံချက်များအတိုင်း နှစ်ပေါင်းခြောက်ဆယ် ကာလအပိုင်းအခြား၏ ကျန်ရှိနေသေးသော ကာလအဖို့ အဆိုပါမြေကွက် [illegible] ပြန်လည်သိမ်းယူသည့်အချိန်တွင် ထိုမြေကွက်ပေါ်၌တည်ရှိနေသော အဆောက်အအုံ၊ ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို လက်ရှိ ထားနိုင်စေခြင်းငှာ အငှားစာချုပ်ရသူအား ပြန်လည်ပေးအပ်ရန်။ သို့ရာတွင် မီးကြောင့်သော်လည်းကောင်း [illegible] အကြောင်း တစ်ခုခုကြောင့်သော်လည်းကောင်း ပျက်စီးရသည့် အဆောက်အအုံ သို့တည်းမဟုတ် ထိုအဆောက်အအုံနှင့် [illegible] ပစ္စည်းများကို ပြန်လည်ပေးအပ်ရန် အငှားချထားသူ၌ တာဝန်မရှိသည့်အပြင် ယင်းသို့ ပြန်လည် [illegible] ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေး [illegible] ကိုယ်စားလှယ်များ၏ ဖျက်လိုဖျက်ဆီးပြုလုပ်မှုကြောင့် ဆုံးရှုံးပျက်စီးခြင်းအတွက်မှတစ်ပါး အဆိုပါ [illegible] အထဲတွင်ဖြစ်စေ တည်ရှိသော အဆောက်အအုံနှင့် အခြားပစ္စည်းများ၏ တန်ဖိုးယုတ်လျော့ခြင်း၊ [illegible] ပျက်ဆီးယိုယွင်းခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိုးအိမ် [illegible] တာဝန်မရှိစေရန်။

(ခ) အပိုဒ် ၂-အရ၊ ဤစာချုပ်ကိုပယ်ဖျက်ပြီး မဟုတ်လျှင်လည်းကောင်း၊ အငှားစာချုပ်ရသူက နှစ်ပေါင်းခြောက်ဆယ် ကာလအပိုင်းအခြား ကုန်ဆုံးသည်အထိ အဆိုပါမြေငှားခကိုပြေလည်အောင် ပေးဆောင်၍ ဤစာချုပ်ပါမိမိပြုလုပ်ရသည့် ပဋိညာဉ်ခံချက်များအတိုင်း လိုက်နာဆောင်ရွက်လျှင်လည်းကောင်း အငှားစာချုပ်ရသူသည် အဆိုပါမြေကွက်ပေါ်တွင် ကိုယ်တိုင်ဆောက်လုပ်ကပ် ထားသောအဆောက်အအုံများ၊ ထိုအဆောက်အအုံများနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို အဆိုပါကာလအပိုင်းအခြားမကုန်မီ ခြောက်လအတွင်း ဖျက်သိမ်းသယ်ယူ ခွင့်ခွဲနိုင်သည်။ သို့ရာတွင် ထိုသို့ သယ်ယူခြင်းကြောင့် အဆိုပါမြေကွက်ပျက်စီးယိုယွင်းခဲ့လျှင် ထိုမြေကွက်ကိုမူလအခြေအနေအတိုင်းရှိအောင် ပြုပြင်ပေးရန်။

(ဂ) (၂၀၂၄)ခုနှစ်၊ ___ မေ ___ လ၊ (၂)ရက်နေ့မှစ၍ ပထမတဆယ်ငါးနှစ် ကုန်ဆုံးသည့် အခါ ဒုတိယတဆယ့်ငါးနှစ်အတွက် ရန်ကုန်စည်ပင်သာယာရေး မြေနည်းဥပဒေ ၂၄-အရ စည်းကြပ်သော သုံးလပတ်မြေငှားခကို လည်းကောင်း၊ ဒုတိယတဆယ့်ငါးနှစ်ကုန်ဆုံးသည့်အခါ တတိယတဆယ့်ငါးနှစ်အတွက် အဆိုပါ နည်းဥပဒေ ၂၄-အရ စည်းကြပ်သော သုံးလပတ်မြေငှားခကိုလည်းကောင်း၊ တတိယတဆယ့်ငါးနှစ်ကုန်ဆုံးသည့်အခါ စတုတ္ထတဆယ့် ငါးနှစ်အတွက် အဆိုပါနည်းဥပဒေ ၂၄-အရ စည်းကြပ်သောသုံးလပတ်မြေငှားခကိုလည်းကောင်း အငှားစာချုပ်ရသူက အငှားချထားသူအား ပေးဆောင်ရန်။ အကယ်၍ အထက်ပါနည်းလမ်းအတိုင်း မြေငှားခကိုပြန်လည်စည်းကြပ်ခြင်းမပြုလျှင် အငှားစာချုပ်ရသူသည် ဤအပိုဒ်ခွဲတွင်ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း မြေငှားခကိုပြောင်းလဲခြင်းမပြုမီ သတ်မှတ်ထားသည့် စည်းကြပ်ဆဲသုံးလပတ်မြေငှားခကို ဆက်လက်ပေး ဆောင်ရန်။


(ဃ) ဤစာချုပ်ပါအခြားပြဋ္ဌာန်းချက်များတွင် ဆန့်ကျင်လျက်မည်သို့ပင်ပါရှိစေကာမူ ဤစာချုပ် ချုပ်ဆိုသည့်နေ့မှစ၍ ပထမနှစ်ပေါင်းသုံးဆယ်အတွင်းသတ်မှတ်ထားသော သို့တည်းမဟုတ် ပြန်လည်စည်းကြပ်သောမြေငှားခကို ပြေလည်အောင် ပေး ဆောင်ခဲ့သောကြောင့် လည်းကောင်း၊ ပြုလုပ်ထားသည့်ပဋိညာဉ်ခံချက်များကို မပျက်မကွက်လိုက်နာဆောင်ရွက်ခဲ့သောကြောင့် လည်းကောင်း သတ်မှတ်ထားသော သို့တည်းမဟုတ် ပြန်လည်စည်းကြပ်သောသုံးလပတ် မြေငှားခဖြင့်နောက်ထပ် နှစ်ပေါင်း သုံးဆယ်အတွက် ဆက်လက်၍ အဆိုပါမြေကွက်ကို ငှားရမ်း မြေငှားစာချုပ် အသစ် ချုပ်ဆိုရန် သဘောတူကြောင်း အဆိုပါ ပထမ နှစ်ပေါင်းသုံးဆယ်မပြည့်မီ အနည်းဆုံးခြောက်လကြိုတင်၍ အငှားရသူက အငှားချထားသူအား စာဖြင့် အကြောင်းကြား ရမည်။ အကြောင်းကြားစာနှင့်အတူ ပထမမြေငှားစာချုပ်ကိုပေးအပ်လျှင် ထိုအကြောင်းကြားစာရရှိသည့်နေ့မှခြောက်လအတွင်းနောင် နှစ်ပေါင်းသုံးဆယ်အတွက် ပထမမြေငှားစာချုပ်ပါ ပဋိညာဉ်ခံချက်များနှင့်ဖြစ်နိုင်သမျှ တူညီသည့် ပဋိညာဉ် ခံချက်များပါရှိသည့် မြေငှားစာချုပ် အသစ်ကို အငှားစာချုပ်ရသူ၏ စရိတ်ဖြင့် အငှားချထားသူကထုတ်ပေးရန်။ အကယ်၍ မြေငှားခကို သတ်မှတ်ခြင်းမရှိသေးလျှင် ပထမမြေငှားစာချုပ်အရ နောက်ဆုံးပေးဆောင်ခဲ့ရသော သုံးလပတ်မြေငှားခကို အငှားစာချုပ်ရသူကပေးဆောင်ရန်။

ပုံစံ - ၂၂

ဒဂုံ/တောင် မြို့နယ်၊ လူနေရပ်ကွက်အမှတ် စက်မှုဇုန် (၁)

မြေတိုင်းရပ်ကွက်အမှတ်၊ ပ၃ တိုးချဲ့ မှ မြေကွက်အမှတ် ၅၃၃၃/၆ ၏ မြေပုံ

စကေး ၁ လက္မ = ၁၀၀ ပေ



ရည်ညွှန်းချက်

---------- ဧရိယာ

---------- စတုရန်းပေ

---------- ဧက

မြေတိုင်း (၄)

မြေတိုင်း (၃)

(မြင့်သာစိုး)

ဦးစီးအရာရှိ

လက်ထောက်ညွှန်ကြားရေးမှူး

မြေတိုင်းဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

(မူကြမ်း)

ဂိုဒေါင်ငှားရမ်းခြင်း သဘောတူစာချုပ်

ဤဂိုဒေါင်ငှားရမ်းခြင်းသဘောတူစာချုပ်ကို ၂၀ ခုနှစ်၊-------------လ၊--------ရက်နေ့ တွင် ရန်ကုန်မြို့၌ ပြုလုပ်ချုပ်ဆိုသည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်-(၈၄/ဘီ)၊ တာဝတိံသာလမ်း၊ (၅) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးတင်မောင်ဝင်း (ခ) မူနီယမ်းဒီ နိုင်ငံသားမှတ်ပုံတင်အမှတ်-(၁၂/ပ ဇ တ(နိုင်) ၀၀၀၂၅၀) (နောင်တွင်အငှားချထားသူဟု ခေါ်တွင်စေပြီး ယင်းစကားရပ်တွင် စာသားအရ သော်လည်းကောင်း၊ အဓိပ္ပါယ်အရသော်လည်းကောင်း၊ ရှေ့နောက် ဆန့်ကျင် ကွဲလွဲခြင်းမရှိပါက ၎င်း၏ဆက်ခံခွင့်ရှိသူများ၊ဥပဒေအရ လွှဲအပ်ခြင်း ခံရသူများ တရားဝင် ကိုယ်စား လှယ်များပါ ပါဝင်သည်ဟုမှတ်ယူရမည်။) က တစ်ဖက်

နှင့်

ဒေါ်မိုးမိုးအေး အုပ်ချုပ်မှုဒါရိုက်တာကိုယ်စားပြုသော ချယ်ရီပန်းသုံးပွင့် ကုမ္ပဏီများအက် ဥပဒေအရတရားဝင်မှတ်ပုံတင်ဖွဲ့စည်းတည်ထောင်ထားသည့် အများနှင့်မသက်ဆိုင်သော မြန်မာကုမ္ပဏီဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃၈၂/၃၉၂)၊ ပထမထပ်၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ တွင်တည်ရှိသည်။ (နောင်တွင်အငှားချထားခြင်းခံရသူဟုခေါ်တွင်စေပြီး ယင်းစကားရပ်တွင်စာသားအရ သော်လည်းကောင်း၊ အဓိပ္ပါယ်အရ သော်လည်းကောင်း၊ ရှေ့နောက်ဆန့်ကျင်ကွဲလွဲခြင်းမရှိပါက ၎င်း၏ဆက်ခံသူများ၊ ဥပဒေအရလွှဲအပ်ခြင်းခံရသူများ၊ အမွေဆက်ခံသူများနှင့်တရားဝင်ကိုယ်စားလှယ်များပါ ပါဝင်သည်ဟုမှတ်ယူရမည်)က အခြားတစ်ဖက်တို့သည် ဤမြေငှားရမ်းခြင်းသဘောတူစာချုပ်ပါစည်းကမ်းချက်များနှင့်အညီ အောက်ပါအတိုင်းပြုလုပ်ချုပ်ဆိုကြပါသည်။

အပိုဒ် (၁) ရည်ရွယ်ချက်

၁-၁ အငှားချထားသူသည် မိမိတရားဝင်အမည်ပေါက်ပိုင်ဆိုင်သောရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ မြေကွက်အမှတ်(၅၃၃-၆)၊ မြေတိုင်းရပ်ကွက် အမှတ်(၂၃) တိုးချဲ့၊ တောင်ဒဂုံစက်မှုဇုံ(၁)၊ မြေဧရိယာ (၀.၂၄၅) ဧကပေါ်ရှိ ဂိုဒေါင်အားတရားဝင်ပိုင်ဆိုင်သူဖြစ်ပြီးအဆိုပါဂိုဒေါင်ကို ငှားရမ်းမည်ဖြစ်ပါသည်။ (အငှားချထားသည့် ဂိုဒေါင်နှင့်စပ်လျဉ်းသည့်ဂိုဒေါင်ပုံကို နောက်ဆက်တွဲ(၁)အဖြစ် ပူးတွဲဖော်ပြအပ်ပါသည်။)

၁-၂ အငှားချထားခြင်းခံရသူသည် အငှားချထားသူပိုင် အငှားချထားသည့် ဂိုဒေါင်ပေါ်တွင်နိုင်ငံတကာအဆင့်မီ Steel Wire Ring (စတီးဝါယာကြိုးကွင်း)များကို လက်ခစားစနစ်ဖြင့်ထုတ်လုပ်သည့်လုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

၁-၃ အငှားချထားခြင်းခံရသူသည် အဆိုပြုလုပ်ငန်းအား ရင်းနှီးမြှုပ်နှံမှု ပမာဏကျပ်သိန်း (၃၇၄.၆၅) (သုံးရာခုနစ်ဆယ့်လေးသိန်းနှင့် ခြောက်သောင်းငါးထောင်တိတိ)ထည့်ဝင်၍လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြမည်ဖြစ်ပါသည်။

အပိုဒ် (၂) ကိုယ်စားပြုခြင်းနှင့်အာမခံခြင်း

၂-၁ ဤစာချုပ်တွင် လက်မှတ်ရေးထိုးချုပ်ဆိုကြသည့် စာချုပ်ဝင်များအနက် အငှားချထားသူသည် ငှားရမ်းသည့် ဂိုဒေါင်ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ခွင့်ရှိကြောင်းနှင့် အငှားချထားခြင်းခံရသူသည် သက်ဆိုင်ရာဥပဒေများအရ ဤစာချုပ်ပါ လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသော ပုဂ္ဂိုလ်များဖြစ်ပြီး ဤစာချုပ်ကိုချုပ်ဆိုနိုင်ရန် ဥပဒေအရ လုပ်ပိုင်ခွင့်ရှိသူ၊ အခွင့်အာဏာနှင့် စီးပွားရေးအရ ငွေရေးကြေးရေးခိုင်မာတောင့်တင်းသူများဖြစ်ကြောင်း အသီးသီးအာမခံကြပါသည်။

အပိုဒ် (၃) ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ

၃-၁ ဤစာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များအတိုင်း လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း သက်ဆိုင်ရာအစိုးရဌာန၊ အာဏာပိုင်အဖွဲ့အစည်းများထံမှ ရယူရန်လိုအပ်သောအတည်ပြုချက်များ၊ ခွင့်ပြုမိန့်များရရှိပြီးမှသာလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် သတ်မှတ်ထားပါသည်။

အပိုဒ် (၄) ဥပဒေအရဆောင်ရွက်ခြင်း

၄-၁ ဤစာချုပ်ပြုလုပ်ချုပ်ဆိုကြသူများသည် စာချုပ်ပါတာဝန်ဝတ္တရားများ၊ လုပ်ငန်းအကောင်အထည်ဖော်မှုများ၊လုပ်ငန်းဆောင်ရွက်မှုများကိုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

အပိုဒ် (၅) ငှားရမ်းခြင်းကာလ

၅-၁ ဤစာချုပ်ပါငှားရမ်းခြင်းကာလမှာ ဤစာချုပ်စတင်အကျိုးသက်ရောက်သည့်နေ့မှစ၍ ကနဦး(၃၀)နှစ်ဖြစ်ပါသည်။

၅-၂ ကနဦး(၃၀)နှစ်ကာလပြည့်မြောက်ပြီးနောက် တစ်နှစ်တစ်ကြိမ်ငှားရမ်းစာချုပ်ဖြင့် (၅)နှစ်(၃)ကြိမ်အထိ ထပ်မံတိုးမြှင့် ငှားရမ်းခွင့်ရှိစေရမည်။

၅-၃ သက်တမ်းတိုးမြှင့်လိုပါက အငှားချထားခြင်းခံရသူသည် ငှားရမ်းသက်တမ်းမကုန်ဆုံးမီအငှားချထားသူထံ (၃)လကြိုတင်၍စာဖြင့် တင်ပြရမည်ဖြစ်ပြီး ငှားရမ်းခြင်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏အတည်ပြုချက်ရရှိမှသာ အကျိုးသက်ရောက်မှုရှိစေရမည်။

၅-၄ အငှားချထားသူသည် အငှားချထားသည့်ဂိုဒေါင်ကို ဤစာချုပ်အား တရားဝင်အတည်ပြုလက်မှတ်ရေးထိုးသည့်နေ့မှစ၍ အငှားချထားခြင်းခံရသူသို့ လွှဲပြောင်းပေးအပ်ရမည်။

အပိုဒ် (၆) စာချုပ်အကျိုးသက်ရောက်သည့်နေ့

၆-၁ ဤစာချုပ်သည် စာချုပ်ဝင်ပုဂ္ဂိုလ်နှစ်ဦးနှစ်ဖက်တရားဝင် အတည်ပြုလက်မှတ်ရေးထိုးချုပ်ဆိုသည့်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်။

အပိုဒ် (၇) ငှားရမ်းခ ပေးချေခြင်း

၇-၁ အငှားချထားခြင်းခံရသူသည် အငှားချထားသည့်ဂိုဒေါင်အတွက်တစ်နှစ်လျှင်ဂိုဒေါင်ငှားရမ်းခငွေ ၄,၈၀၀,၀၀၀ လေးဆယ့်ရှစ်သိန်းကျပ်တိတိ)ကို နှစ်စဉ်သက်ဆိုင်ရာနှစ် ပထမပတ်(၇)ရက်အတွင်းအငှားချထားသူသို့ကြိုတင်ပေးချေရမည်။

၇-၂ ဤသဘောတူစာချုပ်ဝင်ပုဂ္ဂိုလ်များသည် ငှားရမ်းခနှုန်းထားများကို (၅)နှစ်လျှင်တစ်ကြိမ်ပြန်လည်စိစစ်သုံးသပ်ခွင့်ရှိသည်။ ယင်းသို့ ပြန်လည်စိစစ်ရာတွင် ပြီးခဲ့သော(၅)နှစ်ကာလအတွက် နှစ်စဉ်ငှားရမ်းခနှုန်း၏(၁၅%)ထက် မပိုစေရန် သဘောတူညီကြပါသည်။

အပိုဒ် (၈) အငှားချထားသူ၏ တာဝန်များ

၈-၁ အငှားချထားသူသည် အောက်ပါတာဝန် ဝတ္တရားများကို လိုက်နာဆောင်ရွက်ရမည်-

(၁) အငှားချထားခြင်းခံရသူ၏ ဤစာချုပ်ပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကူညီဖြည့်ဆည်းပေးရမည်။

(၂) အငှားချထားသည့်ဂိုဒေါင်ကိုအငှါးချထားခြင်းခံရသူမှ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် သာမန်ပြင်ဆင်မှုများ၊ ရေရရှိရေးကိစ္စများ၊ လျှပ်စစ်မီးရရှိရေးကိစ္စများဆောင်ရွက်ရာတွင် ခွင့်ပြုရမည်။

အပိုဒ် (၉) အငှားချထားခြင်းခံရသူ၏တာဝန်ဝတ္တရားများ

၉-၁ အငှားချထားခြင်းခံရသူသည် အောက်ပါတာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရမည်-

(၁) အငှားချထားခြင်းခံရသူသည် နှစ်စဉ်ငှားရမ်းခငွေများကို ဤစာချုပ်ပါစည်းကမ်းချက်များနှင့်အညီ သတ်မှတ်ထားသည့်ကာလအတွင်း အငှားချထားသူသို့ မပျက်မကွက်ပေးချေရမည်။

(၂) အငှားချထားစဉ်ကာလအတွင်း အငှားချထားသည့် ဂိုဒေါင်နှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတည်ဆဲဥပဒေများအရ လိုအပ်သော ခွင့်ပြုမိန့်များ၊ လိုင်စင်များရယူပြီး လုပ်ကိုင်ဆောင်ရွက်ရမည်။

(၃) အငှားချထားစဉ်ကာလအတွင်း အငှားချထားသည့် ဂိုဒေါင်တွင် Steel Wire Ring (စတီးဝါယာကြိုးကွင်း)များကို လက်ခစားစနစ်ဖြင့် ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သာမန်ပြင်ဆင်ခြင်း၊ လျှပ်စစ်မီးနှင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်ခြင်း စသည်တို့ကိုမိမိ၏ ကုန်ကျစရိတ်ဖြင့်တာဝန်ယူဆောင်ရွက်ရမည်။

အပိုဒ် (၁၄) စာချုပ်ရပ်စဲပြီးဆုံးခြင်း

၁၄-၁ ဤစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြသူများသည် အောက်ဖော်ပြပါအကြောင်းချင်းရာတစ်ရပ်ရပ်ဖြစ်ပေါ်လာလျှင် စာချုပ်ရပ်စဲခွင့်ရှိစေရမည်-

(၁) လုပ်ငန်းတွင် ကြီးမားစွာဆက်တိုက် အရှုံးပေါ်နေခြင်း။

(၂) ပဋိညာဉ်စာချုပ်ဝင်တစ်ဖက်မှ စာချုပ်ပါ တာဝန်ဝတ္တရားများ ဆောင်ရွက်ရန်ပျက်ကွက်ခြင်း။

(၃) ကြိုတင်မမျှော်မှန်းနိုင်သည့်အပြင်တားဆီးခြင်း မပြုနိုင်သော မလွန်ဆန်နိုင်သည့် ဖြစ်ရပ်များ ပေါ်ပေါက်လာပြီး အဆိုပါဖြစ်ရပ်များသည် (၆)လတာ ကာလအထိ ကြာမြင့်ခြင်း။

(၄) လုပ်ငန်း၏ မူလရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော်နိုင်စွမ်းမရှိခြင်း။

(၅) စာချုပ်သက်တမ်းကုန်ဆုံးခြင်း။

၁၄-၂ ဤစာချုပ်ပါလုပ်ငန်းကို ရပ်စဲလိုကြောင်း နှစ်ဦးနှစ်ဖက်သဘောဆန္ဒဖြင့် တင်ပြလာလျှင် စာချုပ်ရပ်စဲခွင့်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိပြီးမှသာ အတည်ဖြစ်စေရမည်။

အပိုဒ် (၁၅)ဂိုဒေါင်သို့ ပြန်လည်ဝင်ရောက်နိုင်ခွင့်

၁၅-၁ အငှားချထားခြင်းခံရသူက ဤစာချုပ်ပါစည်းကမ်းချက်များကို ဆောင်ရွက်ရန်(သို့မဟုတ်) လိုက်နာရန် ပျက်ကွက်လျှင်လည်းကောင်း၊ ထိုသို့ပျက်ကွက်ကြောင်း အငှားချထားသူက ချအပ်သောနို့တစ်စာပါ ကာလအတွင်းမဆောင်ရွက်နိုင်မှု(သို့မဟုတ်)မလိုက်နာမှုကိုပြင်ဆင်ပေးရန်ပျက်ကွက်လျှင်လည်းကောင်း၊ အငှားချထားသူသည် အငှားစာချုပ်နှင့်သက်ဆိုင်အကျိုးဝင်သောပစ္စည်းတစ်ရပ်လုံးအပေါ်တွင် ငြိမ်းချမ်းအေးဆေးစွာ ပြန်လည်ဝင်ရောက်၍ လက်ရှိထားပိုင်ခွင့်ရှိစေရမည်။ ထိုအခါအငှားစာချုပ်သည် ရပ်စဲ၍ ဆုံးခန်းတိုင်ရမည်ဟူ၍ နှစ်ဦးနှစ်ဖက် သဘောတူညီကြပါသည်။ ဤသို့ စာချုပ်ရပ်စဲခြင်း၊ ဂိုဒေါင်သို့ ပြန်လည်ဝင်ရောက်နိုင်သည့် အခွင့်အရေးများသည် ဤစာချုပ်ပါအငှားချထားသူက အငှားချထားခြင်းခံရသူထံမှ ရရှိမည့်အခွင့်အရေးများနှင့် တောင်းဆိုပိုင်ခွင့်များကို မထိခိုက်စေရ။

အပိုဒ် (၁၆) မလွန်ဆန်နိုင်သော ဖြစ်ရပ်များ

၁၆-၁ မလွန်ဆန်နိုင်သော ဖြစ်ရပ်များဆိုသည်မှာ သဘာဝအလျှောက်ကြုံတွေ့နိုင်သည့်ရေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စသည်များအပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှု ပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် စာချုပ်ဝင်တစ်ဖက်ဖက်ကလိုအပ်သောသတိဝီရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန်မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များဖြစ်ပြီး၊ ယင်းမလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် ဂိုဒေါင်ငှားရမ်းသုံးစွဲမှုကို ထိခိုက်ဆုံးရှုံးစေလျှင် အငှားချထားခြင်းခံရသူသည် အငှားချထားသူသို့ နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခံခွင့်မရှိစေရ။

၁၆-၂ ထိုသို့မလွန်ဆန်နိုင်သော ဖြစ်ရပ်များပေါ်ပေါက်လာပါက ယင်းဖြစ်ရပ်ဖြစ်ပေါ်သည့် အချိန်မှ(၁၄)ရက်အတွင်း အငှားချထားခြင်းခံရသူသည်အငှားချထားသူထံသို့ ချက်ခြင်းစာဖြင့် ရေးသားအကြောင်းကြားရမည်။ အငှားချထားသူက လက်ခံအတည်ပြုလျှင် မလွန်ဆန်နိုင်သော ဖြစ်ရပ်မြောက်ပြီး ဂိုဒေါင်အသုံးပြုခွင့်နှင့် တိုက်ရိုက်သက်ဆိုင်သော ဖြတ်တောက်ကာလ အပိုင်းအခြားအတွက် ငှားရမ်းခကို သက်သာခွင့်ပြုနိုင်သည်။

အပိုဒ် (၁၇) အငြင်းပွားမှုဖြေရှင်းခြင်း

၁၇-၁ ဤစာချုပ်နှင့်ပတ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်ပါက နှစ်ဦးနှစ်ဖက်ပြေလည်စွာ ညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ ဖြေရှင်း၍မရပါက ထိုအငြင်းပွားမှုကို တစ်ဖက်စီက တစ်ဦးစီခန့်ထားသောခုံလူကြီးနှစ်ဦးဖြင့် ဖြေရှင်းရမည်။ ခုံလူကြီးနှစ်ဦးက ဖြေရှင်းမဆုံးဖြတ်နိုင်လျှင် ခုံလူကြီးနှစ်ဦးက ရွေးချယ်ခန့်ထားသော သမာဓိလူကြီး၏ အဆုံးအဖြတ်ကို ခံယူရမည်။ ခုံလူကြီးနှစ်ဦး(သို့)သမာဓိလူကြီး၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည့်အပြင် နှစ်ဖက်အမှုသည်များအပေါ်၌လည်း အတည်ဖြစ်စေရမည်။ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် ၁၉၄၄ခုနှစ်၊မြန်မာနိုင်ငံအနုညာတစီရင်ဆုံးဖြတ်ခြင်း၊ အက်ဥပဒေ (မြန်မာနိုင်ငံအက်ဥပဒေ အမှတ် ၄/၁၉၄၄) နှင့် နောက်ပိုင်းထုတ်ပြန်သော တည်ဆဲပြင်ဆင်ချက်များနှင့်အညီ ဖြစ်စေရမည်။ အနုညာတစီရင်ဆုံးဖြတ်မည့် နေရာသည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းတွင်ဖြစ်စေရမည်။ အမှုအတွက်ကုန်ကျစရိတ်များကို အမှုရှုံးသူကကျခံရမည်။

အပိုဒ် (၁၈) စာချုပ်အားပြင်ဆင်ရန် ညှိနှိုင်းခြင်း

၁၈-၁ ဤစာချုပ်တွင် ပါရှိသည့် စည်းကမ်းချက်များသည် လုပ်ငန်းများ အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ ကြိုတင်မမျှော်မှန်းနိုင်သည့် အခြေအနေတစ်ရပ်ရပ်ကြောင့် လုပ်ငန်းများဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်သည့်အခါ စာချုပ်ဝင်ပုဂ္ဂိုလ်များသည် နှစ်ဦးနှစ်ဖက် စေ့စပ်ညှိနှိုင်းပြီး စာချုပ်ပါစည်းကမ်းချက်များကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံကော်မရှင်၏ အတည်ပြုချက်ရယူ၍ လိုအပ်သလို ပြန်လည်ပြင်ဆင်စေ့စပ်ညှိနှိုင်း ဆောင်ရွက်ရမည်။

